# တေဇ ရုပ်စုံ







# တောင်သာယာ

စစ်ကိုင်းတောင်ရိုး ဈိုင်းတောင်ထိုး
စေတီပုထိုး ထီးဖြူမိုး
လက်စုံပူးလို့ ရှိ....ရှိခိုး ။

တောင်ခိုးမဝေ စိမ်းမြမြေ
မြူမလောင်းတဲ့ ဆောင်းပျောက်ဖွေ
နေသာလမ်းမှာ အပန်းဖြေ ။

ရွှေစေတီဦး ချောင်ပြန့်ဖြူး
ဓမ္မတေးသံ ညံညံကျူး
သူတော်စင်တို့ မွေ့ကြည်နူး ။

ကမ်းဦးရေ သဲသောင်သာ
သောတာပန်ဆိပ် ချွေးသိပ်ရာ
သစ်ဖေါင်များတို့ နားဆိုက်လာ ။

တံငါရွတ်၊ ဖွက်ဆယ်ဖွတ်
ဥဩသံအုပ် တေးချိုရွတ်
ပြေပြေချောလို့ တောလေသုတ် ။

တောအုပ်ကသာ တောင်ကပြာ
ရှုမဆုံးတဲ့ ကုန်းဇေယျာ
စုံညီမြန်းလို့ လှမ်းတက်မှာ ။

လာပါညီလေး၊ ညီမလေး
ချိုး၊ ဒါ၊ ငှက်ကျေး တေးမြဲကျူး
နေခြည်ဦးမှာ ဖြူးချိန်လေး ။


ကဗျာ • နိုင်ယဉ်


သရုပ်ဖေါ်သော်က


ဓါတ်တော်ကြီး





ပန်းချီ- ဦးတကြည်




အရှင်မင်းကြီး - ရှုတော်မူလော့...ကျွက်ကျွက်
ဆူ မီးကျီငရဲပင်ဖြစ်ကြောင်းပါ
....ရဲလျှ ပြောင်ပြောင် တောက်နေသော
သံမြေပြင်အပေါ်တွင် လျှောက်ပြေးနေကြ
....တကိုယ်လုံး မီးထတောက်လျှံလျက် မသေနိုင်
ခံစားနေရသော ငရဲကောင်များကို....
....ငရဲသားများက - လိုက်ရိုက်သတ်နေ
ဖြစ်ကြောင်းပါ....
အလို...ကြောက်ခမန်းလိလိပါလား။
လူ့ဘဝတုန်းက - ဘာတွေများပြုလုပ်
ခဲ့လို့များပါလိမ့်။
အမေ့
အို..အို
....လူ့ဘဝက
မကောင်းမှုများပြုခဲ့သောကြောင့်
ယခုအခါ ကျီငရဲတွင် ခံစား
နေကြရခြင်း ဖြစ်ကြောင်းပါ


အရှင်မင်းကြီး - ဤငရဲကား လူဖြစ်စဉ်အခါက မလျှော်ရာ မတန်ရာ၌ ဝင်ရောက် ဝင်တိုးလျက် သူများ လျှို့ဝှက်ချက်များကို လည်းပါတ်ပတ်ပြီး အလှူခံများကို မသေမှု ဖြင့် ပြုလုပ်သူများ ခံစားနေရသော (ခွေးစား ငရဲ) ဖြစ်ကြောင်းပါ။
အိမ်း..... ကြောက်ဖွယ်လိလိ ရှိလှချေတကား


အရှင်မင်းကြီး - ဤငရဲကား - အကျင့်သီလ မရှိသော ရှင်သော၊ ရဟန်းတော် သူတော်စင်များကို ဆဲရေး၊ ကြိမ်ဆက်၊ ချုပ်ချယ်ခြင်း စော်ကား သူတို့ အသည်း - ပွက်ပွက်ဆူနေသော ကြေးနီရေအိုး ထဲသို့ ပစ်ချ ခံနေရသော ကြေးနီအိုး ငရဲ ဖြစ်ကြောင်းပါ။
အိမ်း.... ကျွတ်ကျွတ်



ထိုအခိုက် မဟာဇဝန နတ်သားသည် နတ်ရထားတစီးဖြင့် လိုက်လာပြီး
မာတလိ နတ်သားသည် နေမိမင်းကြီးအား လှမ်း၍ ဖျောက်ထားလိုက်လေသည်။
ဆက်ရန်

# ရေကြည်တပေါက်သောက်ဖို့အရေး

ရာဇဝတ်မြသူ




သစ်ကုလားအုပ်၏ရှည်လျားသောလည်ပင်းသည် အမြင့်မှ အရွက်များကိုစားသောက်ရန်လွယ်ကူသော်လည်း အောက်တွင်ရှိ ရေအိုင်မှ ရေကိုမူ သောက်ရန် မလွယ်ကူပါ၊ ထို့ကြောင့် ရှည်လျားလှသော ရှေ့ခြေများကိုဘေးနှစ်ဘက်သို့ကျယ်ပြန့်စွာကားပြီးမှသာ ရေကိုသောက်သုံးရသည်။



ကုလားအုပ်များသည် ရေသောက်လိုသော အခါ ရှေ့ခြေနှစ်ဘက်မှ ဒူးများကို မြေပေါ်တွင် ထောက်ချကာ ရှည်လျားသောလည်ပင်းကို ဆန့်ထုတ်၍ ရေကိုသောက်သုံးကြသည်။




သမင်၊ ဒရယ်၊ ဇ[illegible]၊ ဆိုင်၊ ဆတ်
စသော သားကောင်များသည် ရေသောက်
ကြသည့် [illegible] များမှသည်
ရေအိုင်များမှသာ သောက်သုံးလေ့ရှိကြ
သည်၊ ထိုသို့သည် ရှည်လျားလှသော
မိမိတို့၏ နောက်ခြေများကို ကွေးညွတ်ပြီး
ကိုယ်ကိုကိုင်း၍ရေသောက်လေ့ရှိကြသည်။



ကြောင်များသည် ရေသောက်သည့်အခါ ပန်းကန်ဘေးတွင် ဝပ် စင်း၍မဖိတ် မစင်ဘဲ ငြိမ်သက်စွာ ရေသောက်တတ်ပေသည်။ ခွေးများကမူ ရေကို ဂျပ်၍သောက်တတ်ပြီး ရေသောက်သည့်အသံကို မကျွမ်းမကောင်း မြှပင် ကြားရတတ်သည်။



ဆင်များသည် ရေငတ်သောအခါ မိမိတို့၏ နှာမောင်းများမှ ရေကို စုပ်ယူပြီး ပါးစပ်အတွင်းသို့ ထိုးသွင်းကြလေသည်။



ငှက်များသည် နှုတ်သီးဖြင့်မှ ရေကိုသယ်ယူပြီး ဦးခေါင်းကို နောက်သို့ လှန်ကာ အာခေါက်လုပ်သည့်ပမာ ရေကိုသောက်လေ့ရှိကြသည်။



ရေမြင်းသည် ရေထဲတွင် အချိန်များစွာ နေလေ့ရှိပြီး ရေသောက်ရန်အတွက်မူ ရေထဲ၊ ရွှံ့နွံထဲသို့ ဆင်းကာ လျှောက်သွား၍ သောက်သုံးလေ့ရှိသည်။

# တေဇ ကဗျာ



## လကဆုန်

တိမ်တောင်တိမ်လိပ် မိုးရိပ်ဆင်
အာကာ ထက်တခွင်။
ရာသီမိုးသွင် ဟန်ပြင်ပြ
နွေနှောင်း ချိန်ကာလ။
မြိုင်ယံတွင်းက စကားဝါ
ရွှေရောင် ဝင်းလဲ့ဖြာ။
မုံမောင်းသံသာ မြိမ့်မြိမ့်သဲ
ညောင်ရေ သွန်းတဲ့ပွဲ။

တက္ကသိုလ်-တင့်ဆန်းနိုင်



## ကြက်ခြေနီ

ကြက်ခြေနီဟေ့....ကြက်ခြေနီ
မှန်မြတ်လှပါသည်။
ထုံထုံကြည်ကြည် ရန့်မွှေး
မေတ္တာရေလိုအေး။
ကယ်ဆယ်ရေးနှင့် ပြည့်ကျိုးရည်
ဘေးရန် ကင်းစေမည်။
လာ....ညီမလေး ညီလေးတို့
စွမ်းရည်ပြကြစို့။

မောင်သိန်းလွင်

## လုပ်အားဂုဏ်

ဟောဟိုနား ကျောက်တောင်
လမ်းလယ်ခေါင် မိုမောက်။
သွားအလာ အခက်တွေ
လမ်းကွေ့လို့ကောက်။
စုပေါင်းခြင်း လုပ်အားဆောင်
ကျောက်တောင်ကို ဖြိုဖျက်။
သွားအလာ မပင်ပန်း
လမ်းရှေ့သို့ဆက်။

လက်ပံနီ



## လုပ်အားပေး

စာမေးပွဲတွေ ဖြေဆိုပြီးလို့
ကျောင်းတော်ကြီးလဲ ပိတ်ပေါ့ကွယ်။
သားကြီးသားငယ် အဖော်တွဲလို့
စက်ရုံထဲမှာ နွှဲဖို့ရှယ်။
လုပ်အားဆိုတာ မြတ်အင်အားမို့
ပြည်ကြီးပွားအောင် ဆောင်ကြတယ်။
မေမေ့ရင်ဝယ် ဂုဏ်ယူကြွားမို့
ကုန်ထုတ်အားကို မြှင့်ရမယ်။
မြှင့်ကွယ်....မြှင့်ကွယ်။ မောင်ကျော်၊




ပုံပြင်
တခါက- ဖားနှင့်ကြွက် သည်မိတ်ဆွေဖွဲ့ကြလေသည်။
ဒို့မခွဲတန်း နေနိုင်အောင် ခြေထောက်ချင်း ကြိုးချည်ထားရအောင်...
ဖြစ်ပါ့မလားကွာ ဟိုပုံပြင်ထဲကလို ဖားနဲ့ကြွက်ကြိုး တန်းလန်းနဲ့ရေကူး ကြရင်း
ဖားကရေငုပ် လိုက်တော့.. ကြွက်ကရေနစ် သေရော..
ရေပေါ်မှာပုပ်ပြီး ပေါ်နေတဲ့ကြွက်သေကို သိမ်းငှက်ကထိုးသုတ် ယူလိုက်တဲ့အခါ---
"ကြွက်သေရောဖားပါ သိမ်းငှက်ရဲ့အစာ ဖြစ်သွားရောတဲ့---"
သူတို့သည်နှစ်ဦးသဘောတူ- ကြိုးရှည် ရှည်နှင့်ချည်ကာပျော်ရွှင်စွာနေကြသည်။
အဲဒီပုံပြင်ထဲကလို မဖြစ်ရအောင်ငါတို့ ကြိုးရှည်ရှည်နဲ့ ချည်ထားတာပေါ့..
မင်းကိုလဲ ငါရေကူးသင် ပေးမယ်
ကြိုးရှည်တော့ တဦးနဲ့တဦးအချက် ပေးနိုင်တာပေါ့


ကဆော့နေသော်
သူငယ်ချင်း ငါရေဆာလာ ဆင်းလိုက်အုံးမယ်
အရေးကြုံရင် ကြိုးလှုပ်လိုက်
ကြွက်သည် စောင့်ရင်း ရန်သူသိမ်းငှက်များကို အကဲခပ်လျက်ရှိသည်။
ကြွက်သည်ဖါးကိုစောင့်ရသည်မှာ အချိန်ကြာလှလေပြီ..
ဒီကောင်သွားတာ ကြာလှပြီ-ဘာလုပ် နေပါလိမ့်
ထိုအခိုက်ရေအောက်မှ ဆောင့်၍ ဆွဲလိုက်သောကြိုးနောက်သို့ကြွက် ပါသွားကာ...
ဟော! ဖါးတော့ အချက်ပေးပြီ
ရေအောက်သို့ ရောက်သွားသော်
လက်စသတ်တော့ ဖါးကိုငါးစာလုပ်ပြီး ငါးမျှားနေတာ မင်းကိုး...
ဖါးနှင့်အတူ-ငါးကြီးတကောင်၏ အစာဖြစ်သွားလေသတည်း။ ။

# ပုရွက်ဆိတ်နှင့် နှံကောင်



ပုရွက်ဆိတ် ပုရွက်ဆိတ်
စွမ်းဉာဏ်ရှိတဲ့ ပုရွက်ဆိတ်။

ပုရွက်ဆိတ်က ကြိုးစားကာ
ဆောင်းရောနွေပါ အစာရှာ
မြေအောက်တွင်းမှာ အစာများ
မိုးရာသီတွက် သိုလှောင်ထား။

ထိုချိန်ထိုခါ နှံကောင်မှာ
အစားအစာ သူမရှာ
မော်ကာကြွားကာ သူပျော်ပါး
သောက်လို့စားလို့ တဟားဟား။

ထိုရောအခါ ချစ်ကြည်စွာ
ပုရွက်ဆိတ်က ပြောဆိုလာ
"အစာရှာပါ နှံကောင်ငဲ့
သိုကာလှောင်ကာ ထားပါ"တဲ့။

သို့ပါသော်လဲ နှံကောင်မှာ
ပုရွက်စကား မလိုက်နာ
ပျော်ကာမော်ကာ အောက်ခြေလွတ်
ပုရွက်ဆိတ်ကို သူနှင်လွှတ်။



မကြာလှပါ တောင်လေလာ
မိုးဦးတုသို့ ရောက်လာရာ
ရွာကာသည်းကာ တအုန်းအုန်း၊
မိုးတွေလေတွေ တချုန်းချုန်း။

ပုရွက်ဆိတ်မှာ ထိုအခါ
မိုးနဲ့လေကို မမှုပါ
လှောင်ကာထားတဲ့ အစာများ
အေးအေးလူလူ သူယူစား။

နှံကောင်မိုက်မှာ သည်ချိန်ခါ
မိုးတွေရွာလို့ မထွက်သာ
အစားအစာ မစားရ
ဆာလှလောင်လှ ဝမ်းပူလှ။

ထိုအခါမှ နှံကောင်မှာ
နောင်တ ရလေရှာ
ရပြန်ပါလဲ နောက်ကျရှုံး
အစာငတ်လို့ သူသေဆုံး။

မင်းယုဝေ

# တေဇရုပ်စုံ သတင်းလွှာ

### ကျန်းမာရေးစစ်

၁၃-၃-၇၅။ ။မန္တလေးမြို့ အမက (၂၅) တွင် ကျောင်းသားကျောင်းသူများ၏ ကျန်းမာရေးအခြေအနေကို အောင်တော်မူ ဒေသန္တရ ကျန်းရေးအဖွဲ့က စစ်ဆေးခဲ့သည်။

### ကျောင်းဆောင်သစ်အပ်

၁၄-၃-၇၅။ ။မကွေးတိုင်း ပွင့်ဖြူမြို့နယ် ကုန်းဇောင်းမြို့ ညံ့ဂန်ရပ်ကွက် အစိုးရမူလတန်းကျောင်းကို ၁၉၇၃-၇၄ ခုနှစ် ပညာရေးဖွံ့ဖြိုးမှု ရန်ပုံငွေ (၂၄၀၀) ကျပ် မ,တည်၍ ပြည်သူလူထု ထည့်ဝင်ငွေ (၅၆၀၀) ကျပ် စုစုပေါင်း (၈၀၀၀) ကျပ်ကုန် ဆောက်လုပ်ပြီးစီးသဖြင့် မြို့နယ်ပညာရေးဌာနသို့ ကျောင်းဆောင်သစ်ပေးအပ်ပွဲအခမ်းအနား ကျင်းပခဲ့သည်။

### တံဆိပ်ပေးအပ်

၁၅-၃ ၇၅။ ။ရန်ကုန်မြို့ ဗဟန်းမြို့နယ် အစိုးရမူလတန်းကျောင်း အမှတ် (၁၇) တွင် တေဇလူငယ် တံဆိပ်ပေးအပ်ပွဲ ကျင်းပရာ မြို့နယ်လမ်းစဉ်လူငယ်စည်းရုံးရေးကော်မီတီဝင်များ၊ တေဇလူငယ် ခေါင်းဆောင်များ၊ ဆရာ,ဆရာမများ၊ တေဇလူငယ်များ တက်ရောက်ခဲ့ကြသည်။

### ဘက်စုံဆု

၁၆-၃ ၇၅။ ။ပညာရေးဌာနမှ မူလတန်းကျောင်းများ ဘက်စုံပညာရည်တိုးတက်မှုအတွက် ဆုအဖြစ်ချီးမြှင့်သော ဗိုင်ကင်နာရီတလုံးကို မကွေးတိုင်းအတွင်းရှိ မူလတန်းကျောင်းပေါင်း (၂၅၀၀) ရှိသည့်အနက် မြို့သစ်မြို့နယ် မတ္တဲကျေးရွာ မူလတန်းမှရရှိသဖြင့် တိုင်းပညာရေးမှူးမှ တဆင့် မတ္တဲ အမက ကျောင်းအုပ်ကြီးလက်သို့ ပေးအပ်ချီးမြှင့်ခဲ့သည်။

### နှုတ်ဆက်ပွဲ

၁၉-၃-၇၅။ ။မန္တလေးမြို့ ဗိုဗိုလိုင်းရှိ မူကြိုကျောင်း၌ ကျောင်းပိတ်နှုတ်ဆက်ပွဲကျင်းပရာ ကလေးငယ်များက အကပဒေသာများဖြင့် ဖျော်ဖြေခဲ့သည်။

### ဝန်ကြီးလေ့လာ

၂၄-၃-၇၅။ ။လူမှုဝန်ထမ်း ဝန်ကြီးဌာန ဝန်ကြီး ဦးမန်ကူးနှင့်အဖွဲ့သည် မန္တလေးမြို့ နန်းရှေ့ အမျိုးသမီးမိဘမဲ့ဂေဟာနှင့် မြောက်ပြင်လူငယ်သင်တန်းကျောင်းသို့ သွားရောက်လေ့လာပြီး လိုအပ်သည်များကို ညွှန်ကြားသွားခဲ့သည်။

### မီးလောင်မြေရှင်း

၂၄-၃--၅။ ။ပဲခူးတိုင်း ဇီးကုန်းမြို့နယ် လက်ပံပင် ကျေးရွာတွင် ငွေတာသိန်းကျော်ဖိုး မီးလောင်ခဲ့ရာ အရန်မီးသတ်တပ်ဖွဲ့နှင့်အတူ တေဇလူငယ်ကလေးများက စုပေါင်းငြိမ်းသတ် ရှင်းလင်းကူညီခဲ့သည်။

### စာမေးပွဲဖြေ

၂၆-၃၇၅။ ။ပန်းတနော်မြို့၊ မြို့နယ်အတွင်းရှိ အလက၊ အမက (၁၅၄) ကျောင်းမှ စတုတ္ထတန်း ကျောင်းသား ကျောင်းသူ (၁၆၆၄) ယောက်တို့အား စာစစ်ဌာန ၂၄-ခုခွဲ၍ တချိန်တည်းမှာပင် အတန်းတင် စာမေးပွဲကို နှစ်ရက်တိုင် စစ်ဆေးခဲ့သည်။

### ပညာဖြန့်ဝေ

၂-၄--၅။ ။လူမျိုးမရွေး၊ဘာသာမရွေး၊တိုင်းရင်းသားညီညွတ်မှုကို ရှေ့ရှု၍ သံလျင်မြို့ ညောင်သုံးပင်ကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ဆရာတော် ဦးပဏ္ဍိတ ဦးစီး၍ တိုင်းရင်းသားကလေးများအား နှစ်စဉ်ပညာသင်ကြားပေးလျက်ရှိသည်။

### ခေတ္တသင်တန်း

၃-၄-၇၅။ ။မြန်မာနိုင်ငံ အားကစားနှင့် ကာယပညာ ဦးစီးဌာနနှင့် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်တို့ ပူးပေါင်း၍ နွေရာသီ တင်းနစ်သင်တန်းကို သိမ်ဖြူ တင်းနစ်ကွင်းတွင် ဖွင့်လှစ်ရာ ကလေးငယ်များ အပါအဝင် သင်တန်းသား (၁၄၁) ယောက် တက်ရောက် သင်ကြားခဲ့သည်။


ရှဉ့်ကလေး – ဖိုးမြူး
အဲဒီအချိန်မှာ . လမ်းလျှောက်လာတဲ့ရှဉ့်ကလေးဖိုးမြူး ပါ-
အင်း
ဦးဦးဝက်ဝံကြီးပါလား


ဘယ်နှယ်ညာနေခမ်းကြီးမှာ
အိပ်မပျော်လို့လား ဦးဦးရဲ့ --
အား ကျွယ်
ပင်ပန်းလွန်းလို့လာသလောက်
အိပ်မယ်ဆို၊ နေထွက်ခါနီး ရင်
မိုးလင်းပါကွာနော် ---
ကဲ -- အိပ်လိုက်
အုံးမယ် ----
ဟား - စိတ်ချ
စိတ်ချ -
ဦးဦးလက်ဝဲကြိုးမြွေကြီးပေါ်မှာ
အိပ်နေရတာ၊ မကောင်းပါဘူး
ခေါင်းအုံးလေး၊ ဘာလေး
လုပ်ပေးအုံးမှ ----
ခေါင်းအုံးကို
ဘာနဲ့လုပ် ရင်
ကောင်းမလဲ -
ဟား - သိပြီ - သိပြီ -
ဦးဦးရေ --
ဒီကောက်ရိုးတွေ
ခေါင်းအုံးအဖြစ်ထိုက်
ရော့ - ရော့ ----


ကျေးဇူးပါဘဲ - ဖိုးမြင့်ညယ် ဒါပေမယ့်ငါက - သိပ်အိပ်ချင် နေတာကွ - ဒီတော့ - - အေးအေးလေး - အိပ်စမ်း ပါရစေကွာ - - နော် - -
ဘာလဲ
အေးအေးလေး - - အေးအေးလေး - -
အေးအေးလေးဆိုတော့ - - -
ဟုတ်ပြီ
အကြံရပြီ - - -
ဖျောက်
အေးအေးလေးဆိုတော့ ငြိမ်ငြိမ်အိပ်မယ် . ငါး မျှားလေးမျှားမယ်လောက် ချစ်ဘူးလား၊ ခုပဲ မေ့ပါလေ - - -
ကောင်းကောင်းမွန်မွန် စိတ်ချမ်းသာ လက်ချမ်းသာ အိပ်စမ်းပါရစေ - - ဖိုးမြင့်ညယ် - - ရေလဲ - မသောက် ချင်ပါဘူး - - ခေါင်းအုံးလဲ မယူပါရစေနဲ့ - မင်းသွားရာ ကိုတသာသွားပါ - - ငါ - - အိပ်ချင်လွန်းလို့ပါ-
ဘာ - ဒါဆို
ငြိမ်ငြိမ်လေး ဘာဝိုလုပ်ရမယ် ဆိုတာ - သိပြီ - -



ကျွန်တော်ဆိုတဲ့ကောင်ကလေ - တော်တော် အာ, သေးတာဘဲ၊ ကျွန်တော်ကယယ်ယယ်တုန်းက အိပ်ချင်ပြီဆို ရင်၊ မေမေ ဘာလုပ်ပြတယ်ဆိုတာ ချုံ -- သတိရတယ် -
ပြောလေ ကဲလေပါလို
ဦးဦး ခဏလေးစောင့်နေ ဦး အိပ်ပျော်ဖို့အတွက် ပတ္တလားလေးတခုသွားယူ လိုက်ဦး မယ် --
ယယ်ယယ်တုန်းက ကျွန်တော် အိပ်ချင်ပြီဆို ရင် -- မေမေပေါ့ -- တေးနားကလေးတွေ ၊ သီချင်းအချိုတွေ ဆိုဆိုပြတယ် - ဦးဦးရဲ့ -- ကဲ -- ဦးဦး အိပ်ပျော် သွား အောင် ---
ဦးဦးလေးရေ အိပ်ပါတော့ နော်နော် .. ပုံပြောမယ်
ဟင်! ဦးဦး မအိပ်ဘဲ သွားတော့မလို့လား
သွားမယ် -- သွားမယ် --- မင်းဆိုတဲ့ကောင်ဟာ စိတ်ညစ်ချင်စရာဘဲ သိတယ် --
တခြားကောင်တွေကို အားနာလို့ အားနာ ရဖွမ်း သိတဲ့ကောင်မဟုတ်ဘူး၊ တခြားကောင်တွေ ၊ ဘာ လုပ်ချင်နေတယ်ဆိုတာ၊ ဂရုမစိုက်ဘူး၊ နင်နဲ့ အိပ်လို့မရအောင် ရက်တယ်၊ တကယ် လို့ ကျည်ချင်တယ်ဆို ရင်လဲ အဲ့ဒီ ကမ်း ခိုးလေးတော့ နင့်ပါးပါးသိတယ်တော်ကောင် လေ့ကာလား .. ဟာ --


ကြက်တူရွေး
ကျောက်ကျန်းသည်တဦးသည်ကြက်တူရွေးတကောင်ကို အိမ်တွင်မွေးထားလေသည်။
ကြက်တူရွေးလေးမှာ မှတ်ဉာဏ်ကောင်းသဖြင့်၊
ကြွပါခင်ဗျာ ကြွပါ-ကြွပါ
လူတကာကိုကောင်းစွာပြောကြားနိုင်လေသည်။
ထိုင်ကြပါ-ထိုင်ကြပါ အေးအေးဆေးဆေးပေါ့
ထို့ကြောင့် ကျောက်ကျန်းသည်ကြီးသူငယ်သည်များကပါ ကြက်တူရွေးလေးကို ချစ်ကြသည်။
ကြက်တူရွေးလေးမှာ အမြဲလိုလို လူအများ၏ချီးကျူးခံရသဖြင့် ဘဝင်မြင့်လျက်ရှိလေ၏။
သိပ်လိမ္မာတာဘဲနော် စကားလဲသိပ်တတ်တာဘဲ
ဟုတ်ပ ဟုတ်ပ
ရှိတော့ရှိတယ် ရှားတယ်ဆိုတာ ငါမှအစစ်


ငါဟာငှက်ဖြစ်ပေမ လူစကားကို အကုန်ရတဲ့ ငှက်မျိုးဘဲ.
တနေ့သော် ကြက်တူရွေးလေးသည် ကျောက်အရောင်း အဝယ်လုပ်စဉ်ပြောသည့်စကားများကို မှတ်သား လိုက်လေသည်။
မိန့်ဘယက်က ခုနစ်သောင်း
တပြားမှ မလျှော့နိုင်ဘူး
အရည်အသွေး သိပ်ကောင်းလို့ ပါဗျာ.
ဪ - ဒီပတ္တမြားလက်စွပ်လား - နှစ်သောင်းထိပါ - အနာ အဆာ မပါပါဘူး - စိတ်ချ - စိတ်ချ..
ကျောက်ကုန်သည်ကြီးမှာ ကြက်တူရွေးလေး စကားတတ်တိုင်းလျှောက်ပြောနေသည်ကို လက်မခံတော့ချေ။
ဟောကောင် - မှင်း တယ်နှုတ်မြာပါလား - မှင်းနဲ့ မဆိုင်တာတွေလျှောက် အော်မနေစမ်းနဲ့.


ကြက်တူရွေးလေးကမူ ကျောက်ကန် သည်ကြီးကို မာနတောင်းသွားလျက်၊
ငါ့ပါးစပ်နဲ့ငါ ပြောတာကို မကြိုက်လို သာမရှိတုန်း ပြောချုပ်ပါ
မိန့်ဘယက်က ခုနစ်သောင်း
ပတ္တမြားက တထောင်
မှုလ လက်ကောက်က ကိုးထောင်
ကျောက်ကန်သည်ကြီး အိမ်မှာမရှိတိုင်းအသံကျန် အော်နေလေ့ရှိသည်။
လေးသောင်း ထိပါ
မိန့်
မှုလ
သူခိုးနှစ်ယောက်မှာ ကြက်တူရွေးလေးစကားကို ကြားသွားကြပြီး အိမ်ပေါက်ဖွင့်ခိုးကြလေ သည်။
ပတ္တမြားများပျောက်သည်နှင့်၊
ဟာ-သူခိုးနှစ်ယောက်ဆိုတာ ချွန်ထားလို့ မမြင်ဘူး- ဒီကြက်တူရွေးက စကားသိပ်တတ်တာ- ဒို့ပြောတာတွေ ကြားသွားတယ်
ဒီကောင်ကို တခါထဲ ရှင်းခဲ့မှ…
နှုတ်မစောင့်စည်းသော ကြက်တူရွေးလေး မှာ အသက်ဆုံးရှုံးရလေ တော့သတည်း။
ပြီး

# ဂျစ်ကားစီးမလား

ညီညီလင်း


ပုံ(၁)ပါတဲ့ အကွက်ကို ဗလာ စာအုပ်ဖောင်း ပျော့ချာဖုံးပေါ်မှာ မင်ခံစက္ကူနဲ့ကူး ပြီး ကပ်လိုက်ပါ။

ပြီးရင် အနားတလျှောက်ကို မှတ်ဆိတ်ရိတ်ဓါးနဲ့ လှီးထုတ်လိုက်ပါ။

မျဉ်းစောင်း တွေဆွဲထားတဲ့အကွက်တွေကို ဓါးနဲ့ ဖေါက်ထုတ်ပစ်ပါ။

ပြီးတော့ ကြိုက်နှစ်သက်ရာ ရောင်စုံခြယ်လိုက်ပါ။

'ကော်' လို့ရေးထားတဲ့အကွက်တွေမှာ ကော်သုတ်လိုက်ပါ။




မျဉ်း ဖော်ပြထားတဲ့နေရာကို ပုံ(၂)မှာပြထားတဲ့အတိုင်း ခေါက်ချိုးပြီးတော့ ကပ်လိုက်ပါ။ လှပတဲ့ ဂျစ်ကားလေး တစီးဖြစ်လာလိမ့်မယ်။







ဖိုးရွှေဖါး
ဝါး၊ အားပယ် ရှစ်နာရီ ထောင်ထိုးပြီ
ဖြို့ နွေရာသီကလဲ ကုန်ခဲ့လိုက်တာ၊ မူ လိုက်တဲ့လွန်ရော…
လှမ်းနှုတ်ဆက်သံကြားရ၍မော့ကြည့်လိုက်ရာဒေါ်ကျီးညို ကိုတွေ့ရသည်။
ကြွက်သိုးတို့များ ဒီအချိန်မှ အိပ်ရာက ထ သကိုး နေမြင့်လှပါလား
အေးဟယ် နှင်းပင်ပန်း သလောက် ဖိုးရွှေဖါး ကတော့ အိပ်ဘဲကွယ့်
ညက အစါရှာထွက်တဲ့ ပင်ပန်းပြီးအိုက်တာနဲ့ သန်းခေါင်ကျော်မှဘဲ အိပ်လို့ရသယ်ဗျ…
ဖိုးရွှေဖါး၏ အိမ်သို့လှမ်း ကြည့်လိုက်မိသည်။ တံခါး၌ ချိတ်ထားသော ဆိုင်းဘုတ် ကိုတွေ့ရသည်။
သတိ!
ဖိုးရွှေဖါး


ဟုတ်တယ် အခေါ်ရေ ဖိုးရွှေဖါးကတော့ ရွှေ ဆိုလ်မြေအောက်က အအေးခန်းထဲ ဝင် အောင်းနေတယ်
မိုးအခါကျတော့ သူက အုံ့အင်သံပေး ရတယ်၊ အားလုံးက သူ့ ကို အခါပေးဆရာလေး လို့ခြောက်ခေါ်နေ ကြတာကလား
မင်းတော့ မပြောတတ်ဘူး. ဒါတော့ သူ့ကိုနိုင်နဲ့မှ ဖြည့်မရဘူး ဒီကျောင် တွင်းက ထွက်လာတာနဲ့ ရေကူးပြိုင်ပွဲတွေ...
အဝေးခုန်ပြိုင်ပွဲတွေမှာ သူချည်းဗိုလ်စွဲတာဘဲ..
အုံ့အင်သံမပေးသေး ဘူးလား. အခါပေးဆရာလေးရဲ့
ဒါကြောင့် ကျွန်တော်လဲ မျက်စိပေါ်းဖွေးနေတာ
ဟုတ်ပြီ. ဒီနေ့ကို အခေါ်ဒုက္ခပေး ဖြမယ်ကွ.
အဲဒီလို ဆရာလေး အခေါ်ခံရတာ ကို ဘဲ ဘဝင်မြင့်နေတဲ့ အခေါ်ရဲ့


မင်းသား ငါချိုင်းတော လှုပ်၊ ကဲ့ ရေအိုင်က စောင့်နေပေတော့
စိတ်ချ အဒေါ်
ရေအိုင်ဘူဦးရောက်သော် ကြွက်သိုးက ဘုံ အပေါင်းအသင်းများအား သိထားခဲ့ရသည့် သတင်းစကားကို ပြောကြားလိုက်သည်
ဒေါ်ကြီးညိုက ရေပန်းကို ဒုက္ခပေးမယ်လို့ ဆိုပါလား
ဘုတ်ဦးဟာ ဘုတ်တို့ ဘာဘဲ လုပ်လုပ် ဦးနှောက် ဆိုင် သလဲ အနေသာကြီး
သစ်ပင်ပေါ်မှ ငါပတီးကမူကား
တော်တော် တကိုယ် ကောင်းဆန်တဲ့ ဘုငယ်ချင်းတွေဘဲ
ဒေါ်ကြီးညို လာပြီကွ
ဒေါ်ကြီးညိုမှာ ရေပန်းခရားကြီး တလုံး ဆွဲ၍ဆင်းလာတော့သည်။


ဒီ့ ရေပန်းခရားထဲ ရေအပြည့်ခပ်ထည့် ပေးစမ်း
ဗြိုးသော်..
သံပုံး ပွတ်တလုံး နဲ့ ဒုတ်တချောင်း ပါပြီး ငါ့နောက် လိုက်ခဲ့ဟေ့...
ချစ်ဦးသား ကိုရွှေဖါး အိမ်နား ရောက်လျှင်...
ငါက ရွှေဖါးရဲ့အိမ်အမိုးပေါ် မိုးအတု ရွာချမယ်၊ မင်းက သံပုံး ကိုဒုတ်နဲ့ခေါက်ရမယ်
အဲဒီတော့ ဘာဖြစ် မလဲ အဒေါ်ရဲ့
မင်းတော်တော် နုံသေးတာဘဲ
မိုးရွာသံ မိုးခြိမ်း သံကြားရင်ရွှေဖါး ဘာလုပ်မယ် ထင်သလဲ
ဟာ သိပြီ အဒေါ်ရဲ့ မိုးကျပြီထင်ပြီး ဒီကောင် ထ အော်လိမ့်မယ်


ဒေါ်ကြီးညိုသည် ရေပန်းခရားနှင့် မိုး ရွာချပေးနေစဉ်
ဒိုင်း ဒိုင်း
ဘိုမ်း ဘိုမ်း
ကြွက်ဦးက မိုးချိန်းသံအတု အတွက် သံပုံး ကိုနာနာခေါက်ပေးလေသည်။
ခုမှ တပေါင်းလ ရှိသေးတာဘဲ
မိုးကျသေးမယ် မထင်ပါဘူးကွာ..
မိုးရွှေ၏ မြေမွှေးဂေဟာ တွင်ကား
ဟေ မိုးရွာသံနဲ့ မိုးချိန်းသံဟေ့ မိုးကျပြီကွ
ဒိုင်း
ဘိုမ်း
ဒိုင်း
ဘိုမ်း
ဟိုမှာတွေ့လား ခေါင်းစပ်ဆီက မိုးရေတွေ ယိုကျလာတာ
ဘာဘဲဖြစ်ဖြစ် အော်သံပေးရိုက် တော့မယ်.. အာဟင်း..
အင်.. အင်
အင့် အင်

ဖိုးရွှေဖါး၏ အုံ့အင်သံကြောင့် သစ်ပင်ပန်းပင်များ ဝမ်းသာအားရ အော်ကြသည်။




ဒေါ်ကျီးညိုနှင့်ကြွက်သိုးတို့ကား ရယ်မောနေကြသည်။


မိုးရွှေဖါးတို့ထွက်လာသော အခါ ဒေါ်ကျီးညိုက မိုးတွ ရွာချပေးမြဲပေးနေသည်။
မိုးသာရွာတယ် နေကြီးကထိန်လို့ ခါတိုင်းနဲ့ မတူဘူး
ဘာဖြစ်ဖြစ် မိုးကျ တာဟာ မိုးကျတာဘဲ
ကိုရွှေဖါးတို့သွားရာ လမ်း တလျှောက် ဒေါ်ကျီးညိုက မိုး အတူ လိုက်ရွာပေးလေသည်။
ရေအိုင်သို့ရောက်သော်ရေကစားကြလေသည်။
ထိုအချိန်တွင်
ရွှေဖါးတော့ တကယ်ဘဲ မိုးကျတယ်ထင်နေပြီ ဒီတော့ ဦးဖိုးခွေးကြီး ဆီ မင်းသွား
ရွှေဖါးချုပ်နေပါတယ်လို့ ဂိုးတိုက်ပေတော့ ကွယ်
သိပ်ပိုင်တဲ့ အကြံဘဲ
အင်း.. ဦးဖိုးခွေးဟာ သိပ်စိတ်တိုတာ ရွှေဖါး တော့ မသက်သာဘူး


ဟိုး ဘကြီး ဖိုးချေး တိုင်စရာ ရှိလို့ လာတာပါ ခင်ဗျာ
ကြွက်ညိုးလားဟေ့ ဘာများလဲကွ.
ရွှေဖါးပေါ့. နွေခေါင်ခေါင် မိုးကျမြဲဆိုပြီး ထအော်လို့ အားလုံး အဟုတ်မှတ်ပြီး နွေဘက်ပျောင်ထားတဲ့ ရေတွေ သွန်ပစ်လိုက်ပါ မိုးကင်းမစောင့်တော့ ဘူးလို့ပြောသူက ပြော.
အင်း
အဲဒါ. ခုလဲ သူက ရေအိုင်မှာပျော် လို့. ဥက္ကရောက် သူတွေက ရောက် နေကြတဲ့. ဘကြီး လိုက်ပြီး ဆုံးမမှ ဖြစ်မယ်.
ဒါပေါ့
ထိုစဉ်တွင်.. ဒေါက်ကြီးညိုမှာ ဖိုးရွှေဖါးကို ဆက်၍ အယုံသွင်းနေလေသည်။
ဟေ့.မောင်ရင်လေး ဖိုးရွှေဖါး...
မင့်အော်သံကြားတာနဲ့. အခိုက်တောင်ပြေ သွားသကွယ့်.ထပ် အော်လိုက်စမ်း ပါအုံးကွယ်.
အုံ.. အင် အုံ..အင်.. အုံ.. အင်


အုံ... အင်... အုံ.... အင်..
ဟေ့ ဘယ်သူ လဲကွ မိုးကျ ပြီအော်နေတာ
လာခဲ့စမ်း မိုးကျသေးဘဲ အော်ပြီး သူတကာတွေကို ဒုက္ခပေးတဲ့ကောင်
ဗျာ
ဟုတ်ပါတယ် အိမ်က ထွက် လာတဲ့အထိ မိုးမပြတ်သေးဘူး ဒီရောက်မှ စဲသွားတာ၊ ပြီးတော့ မိုးတောင်ချိန်းသေး
ဘာကွ
မင့်ဟာမင်း ရှာနေ ဦးတော့ တစက်မှ မစိုသေးဘူးကွ အားလုံးကိုလဲ မေး ကြည့်အုံး
ဟုတ်တယ်
ရွှေဖါးတကောင်ထဲ မိုးရေခံရတယ်လို ပြောတယ်
ရွှေဖါး အရူး ထတာ.
ကျွန်တော်တို့ ခုထိ တစက်မှ မစိုသေးဘူး



ဒီကွ ပေးတဲ့ ရွှေဖါးကို မှာလိုက်အောင်ဆုံးမ ပေးပါ ဘကြီးရေ
သစ်ပင် ပန်းပင် တို့ကလည်း ညည်းညိုင်း ရှိအော် ကြ သည်။
တအောင့်လောက် စောင့်ကြည့်ပါခင်ဗျာ မိုး တကယ်ဘဲ - ရွာ တော့မှာပါ.
မလိုချင်ဘူး ဆင်ခြေတက် မနေနဲ့တော့. သေဘို့သာ မြင် နင့်ကျောကျန်းခမ်း..
နာနာ ရိုက်ပါဗျို့.
ထိုစဉ်..
နေကြပါဦး ရွှေဖါးမှာ အပြစ် မရှိပါဘူး..
ဘာလဲ-မင်းက ရွှေဖါး ဘက်က ရှေ့နေလား
ကျွန်တော် မသက်ကို ကြွက်ညီး ဂေဟာ သွား ကြည့်တော့ ရေပန်း ခရား ဦဂ် နဲ့ သံပုံး ကိုတွေ့ ခဲ့ရပါတယ်
အဲဒါ ဘာ ဆိုင်သလဲ
ဒီလိုပါ ရေပန်းခရား နဲ့ မိုးရွှေဖါးအိမ်ပေါ် ဒေါက်ဂျိုးညိုက လောင်း ချပါတယ်၊ ကြွက်ညီးက မိုးချိန်းသံဖြစ်အောင် သံပုံး တီးပါတယ်.


ဒါတွေကို အစအဆုံး မြင်တွေ့ခဲ့တဲ့ မဓါပတီးလဲ သက်သေ ရှိပါတယ်ခင်ဗျ
အမှန်ပါဘဲ . ဘကြီးခွေး ကြွက်သိုးနဲ့ဒေါ်ကြီးညို ပေါင်းကြံခဲ့ကြတာက ကျွန်မ အားလုံး ကြားခဲ့ပါတယ်
ဒါဖြင့် . ငပိုးတိ ပြောတာတွေဟာ အားလုံး အမှန်ချည်းဘဲပေါ့
ဟုတ်ပါတယ် ဘကြီးခွေး
မဓါပတီး သည် ၎င်း မြင်တွေ့ ကြားသိခဲ့ရသမျှကို ပြောပြလေတော့သည်။ ကျွတ်တွင် ဦးဖိုးခွေးကြီးမှာ ဒေါသအလွန်ထွက်ပြီး...
ကြွက်သိုးနဲ့ ကိုးညို ထွက်ခဲ့စမ်း
ကြွက်သိုး ဆိုတဲ့ အကောင်ကတော့ သူများ ချောက်ချရုံသာမက ဘူးကွဲ လူကြီးကိုပါ အရူးလုပ်တယ်. ဒင်းကို များများ ရိုက်ရမယ်.





ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့် စာနယ်ဇင်း ကော်ပိုရေးရှင်း၊ ပြဝတီပုံနှိပ်တိုက် (၁၈၄၊ ၃၂-လမ်း၊ ရန်ကုန်)တွင် အယ်ဒီတာချုပ် ဦးဝင်းမောင် (ထုတ်ဝေသူ မှတ်ပုံတင်အမှတ် ၀၁၁၆၄) က တာဝန်ခံ ထုတ်ဝေ၍၊ အထွေထွေ စီမံခန့်ခွဲရေးမှူးဦးခင်မောင်ထွန်း၊ (ပုံနှိပ်သူ

# ပုံတူကူးဓါတ်ပုံ —



သတင်းစာတွေ စာအုပ်တွေထဲမှာ ပါတဲ့ ဓါတ်ပုံတွေ ပန်းချီတွေကို မ စုတ်မပြဲစေဘဲနဲ့ မူရင်းပုံ အတိုင်း လိုချင်ကြသလား။
အဲဒီလိုဆိုရင် ပထမဦးဆုံး ဖယောင်းတိုင် တတိုင် ရယ်- စာရွက် အလွတ် တရွက် ရယ် ရှာလိုက်ပါ။
ပြီးတော့ အဲဒီ စာရွက် ပေါ်မှာ ဖယောင်းတိုင် နဲ့ နေရာလပ် မကျန် အောင် တိုက်လိုက်ပါ။
အဲဒီနောက် ကိုယ်လို ချင်တဲ့ပုံ ပေါ်မှာ ခုနက ဖယောင်း နဲ့ တိုက်ထား တဲ့ ဘက်ကို မှောက်တင် လိုက်ပြီး လက်သည်း နဲ့ လိုက် ခြစ်လိုက်ပါ။
နေရာ နှံ့အောင် ခြစ်ပြီး လို့ စာရွက်ကို ပြန်ယူ ကြည့်လိုက်ရင် ကိုယ်လို ချင်တဲ့ ပုံကလေးကို ကူးပြီးသား ဖြစ်နေတာ တွေ့ရပါလိမ့်မယ်။
သတိ – အနက်ရောင်ပုံ များကိုသာကူး၍ရပါ သည်။သတင်းစာထဲမှပုံ ဖြစ်က ပိုသင့်လျော်၏။


အောင်
နက်
ကြီး
မလိုလဲလဲ လိုလဲလဲ
အိပ်ရာအောက်မှာ ငွေ့တာပဲ
ဗိုက်ထဲဟာမှဲ့ မသုံးပါ
ကျွန်တော်ဖက်လို့ သိမ်းခဲ့တာ။
တနေ့ခါတော့ ခွေးပိန်ခြောက်
ထမင်းလုံးကို လာလိုက်ကောက်
ကြောက်ကြောက်လန့်လန့် ပြေးမလို
အမြီးကုပ်လို့ ချောင်မှာဆို။
ကျွန့်ကိုမြင်တော့ ပြေးမလွတ်
မြေကြီးပေါ်မှာ ပြားပြားဝပ်
ခွေးတော်ကလေး ပိန်တာတာ
မုံ့တပဲဖိုး ဝယ်ကျွေးပါ။
အခုခါတော့ ဝလို့ဖီး
အိမ်ကိုစောင့်တဲ့ မိတ်ဆွေကြီး
ခေါင်းလောင်းတီးလို့ ကျောင်းလွှတ်သော်
တံခါးဝမှာ စောင့်လို့မျှော်။
ကျွန်တော်လာယင် ပြေးခုန်တက်
ဟိုလျက်သည်လျက် အကုန်လျက်
မောင်းလို့ အလွန်ခက်
ခွေးကြီး မောင်အောင်နက်။
မင်းသုဝဏ်

Read more Shwe Thway Journals at




➜ Click below link ➜

https://www.facebook.com/shwethwayjournal/